**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ်- ၁/၉၄**

" ကန့်သတ်ထားသော ပိုးသတ်ဆေးစာရင်း ထုတ်ပြန်ကြေညာခြင်း"

၁။ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည်ပိုးသတ်ဆေးဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ်(၁၃) ပါလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အောက်ဖော်ပြပါအဆိပ်ရှိပစ္စည်းများနှင့် ဖော်စပ်ထားသော ပိုးသတ်ဆေးများကို၊ လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများကိုယ်တိုင်ဖြစ်စေ/ ယင်းတို့၏ ကြီးကြပ်မှုဖြင့်သာဖြစ်စေ၊သုံးစွဲရန်ဖြစ်သည့်ကန့်သတ်ထားသောပိုးသတ်ဆေးများအဖြစ်သတ်မှတ်လိုက်သည်။

၂။ အမှတ်စဉ်(၇)ပါ DDT ပိုးသတ်ဆေးကိုမူ သီးနှံများစိုက်ပျိုးရာတွင် ဖျက်ပိုးကာကွယ်နှိမ်နင်းခြင်းကိစ္စမှအပ မြို့ရွာသန့်ရှင်းရေး၊ ခြင်၊ ယင်၊ ကြွက်နှင့် အိမ်တွင်းပိုးမွှားများ၊ အခြား ပိုးမွှားများနှိမ်နင်းရာတွင် အစိုးရဌာန/အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးကော်မီတီများနှင့် စည်ပင်သာယာရေးအဖွဲ့အစည်းများကသာသုံးစွဲနိုင်သည့် ကန့်သတ်ထားသောပိုးသတ်ဆေးအဖြစ်သတ်မှတ်လိုက်သည်။

ကန့်သတ်ထားသော ပိုးသတ်ဆေးများစာရင်း

| စဉ် | ပိုးသတ်ဆေးတွင်ပါဝင်သော အဆိပ်ရှိပစ္စည်းအမည် | ဆေးအုပ်စု | မှတ်ချက် |
|---|---|---|---|
| (၁) | မီသိုင်းဗရိုမိုက် (Methyl Bromide) | အဆိပ်ငွေ့မှိုင်း တိုက်ဆေး (Fumigant) | |
| (၂) | ဖော့စ်ဖင်း (Phosphine) | အဆိပ်ငွေ့မှိုင်း တိုက်ဆေး (Fumigant) | |
| (၃) | ဗရိုမာဒိုင်ယိုလုန်း (Bromadiolone) | ကူမာရင် (Coumarin) | |
| (၄) | ဇင့်ဖော့စ်ဖိုဒ် (Zinc Phosphide) | အင်န်ဩဂဲနစ် (Inorganic) | |
| (၅) | ဖရော့ဒီဖာကွမ် (Brodifacoum) | ကူမာရင် (Coumarin) | |
| (၆) | ဖန်န်သီယွန် (Fenthion) | ဩဂဲနိုဖော့စ်ဖရပ်စ် (Organophosphorous) | |
| (၇) | ဒီဒီတီ (DDT) | ဩဂဲနိုကလိုရင်း (Organochlorine) | |

၃။ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ အကြံပြုချက်များ၊ ပိုးသတ်ဆေးဖော်စပ်ထုတ်လုပ်သူမူရင်းကုမ္ပဏီများ၏ သုတေသနတွေ့ရှိချက်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊

သီးနှံကာကွယ်ရေးဌာနစု၏ သုတေသနရလဒ်များအပေါ် အခြေခံလျက်ထပ်မံစိစစ်ရရှိသည့် ကန့်သတ်ထားသော ပိုးသတ်ဆေးများစာရင်းကို အများပြည်သူသို့ အခါအားလျော်စွာ ထုတ်ပြန်ကြေညာ အသိပေးသွားမည် ဖြစ်ပါသည်။

ပုံ-
ဒေါက်တာမြမောင်
ဥက္ကဋ္ဌ
ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့

စာအမှတ်- ပဖမ-၃/၉၄ (၁၁၉၂)
ရက်စွဲ- ၁၉၉၄ခုနှစ်၊ မတ်လ (၂၃)ရက်

မိတ္တူကို-
(၁) ရှေ့နေချုပ်ရုံး
(၂) တရားသူကြီးချုပ်ရုံး
(၃) စာရင်းစစ်ချုပ်ရုံး
(၄) ဝန်ကြီးဌာနအားလုံး
(၅) ပြည်နယ်/တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံးအားလုံးထံ(သက်ဆိုင်ရာ ခရိုင်/မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်)
(၆) ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး
(၇) ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန
(၈) ရဲချုပ်၊ ပြည်သူ့ရဲတပ်ဖွဲ့ဌာနချုပ်
(၉) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မီတီရုံး
(၁၀) ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ အဖွဲ့ဝင်အားလုံး
(၁၁) အထွေထွေမန်နေဂျာ(အားလုံး)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
(၁၂) ပြည်နယ်/တိုင်းမန်နေဂျာအားလုံး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (သက်ဆိုင်ရာခရိုင်/မြို့နယ်မန်နေဂျာများအားလုံးသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်)
(၁၃) ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြော်ငြာပေးပါရန်နှင့် မိတ္တူ(၁၀)စောင်ကို ပေးပို့ပါရန် မေတ္တာရပ်ခံချက်ဖြင့်)

အမိန့်အရ-

(ဒေါက်တာသိမ်းငွေ)
အတွင်းရေးမှူး